# တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန် အဆိုကို (ထောက်ခံဆွေးနွေးခြင်း)

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ကြွရောက်လာကြပါသော သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ပညာရှင်ကြီးများနဲ့ ခန်းမဝင် ဧည့်ပရိတ်သတ်များ အားလုံးပဲ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပထမ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျာ/ရှင်...

ကျွန်တော်/ကျွန်မကတော့ --------------------------------------- မှ ကိုယ်စားပြု တက်ရောက်လာတဲ့ ညီလာခံကိုယ်စားလှယ် ဦး/ဒေါ် ------------- ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မ အနေနဲ့ ---------------------- မှ ကိုယ်စားလှယ် ဦး/ဒေါ် -------------- အဆိုပြုသွားတဲ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန်ဆိုတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျာ/ရှင်။

သဘာပတိကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင် ... သတင်းအချက်အလက် တိုးတက်ထွန်းကားတဲ့ ယနေ့ခေတ်မှာ လူတွေဟာ အချက်အလက်တိုင်းကို အထောက်အထား ခိုင်ခိုင်မာမာ ရှာဖွေပြီးမှ ယုံကြည်လက်ခံတဲ့ အလေ့အထတွေ ဖြစ်လာခဲ့ပါတယ်။ ဒီလိုပဲ လူသားတွေကို ကျန်းမာရေး စောင့်ရှောက်မှုပြုရတဲ့ ကျွန်တော်/ကျွန်မတို့ရဲ့ မြန်မာ့တိုင်းရင်းဆေးပညာဟာဆိုရင်လည်း ပြည်သူလူထု ပိုမို လက်ခံ ယုံကြည်လာဖို့၊ သုံးစွဲလာဖို့အတွက် သက်သေ အထောက်အထားတွေ အများကြီးပြဖို့ လိုအပ်နေပါတယ်။ နိုင်ငံတကာမှာဆိုရင် ကိုယ်ပိုင်တိုင်းရင်းဆေးပညာနဲ့ ဆေးဝါးတွေဟာ အာနိသင်ထက်မြက်မှု၊ ဘေးထွက် ဆိုးကျိုးနည်းပါးမှု၊ သုတေသနလုပ်ငန်းတွေကို အခြေခံလာနိုင်မှုတွေကြောင့် ယုံကြည်မှုတွေ ပိုမိုရရှိလာပြီး အနောက်တိုင်းဆေးနဲ့ တိုင်းရင်းဆေးတွေကို ခွဲခြားသုံးစွဲမှုဘောင်ဟာ တဖြည်းဖြည်းနဲ့ ကျဉ်းမြောင်းလာနေပြီ ဖြစ်ပါတယ်။ တိုင်းရင်းဆေးဝါးတွေကို သုံးစွဲတဲ့အခါမှာဆိုရင် ဘယ်ဆေးပင်ကို သုံးရမယ်၊ ဘယ်လောက်ပမာဏ သုံးရမယ်၊ ဘယ်လိုပုံစံနဲ့ သုံးရမယ်၊ ဘယ်အချိန်မှာ သောက်ရမယ် စသည်အားဖြင့် တိကျခိုင်မာစွာ ဖော်ထုတ် မှတ်တမ်းတင်ဖို့အတွက် သုတေသနပြုလုပ်ဖို့ လိုအပ်လှပါတယ်။ ဒ့ါအပြင် ဆေးပင်တွေကို ဆေးပင်အချင်းချင်း တွဲပြီးသုံးစွဲခြင်း၊ ရေရှည်သုံးစွဲခြင်းဖြင့် စုပေါင်း- အာနိသင်ဖြစ်တဲ့ (cumulative effect) တွေ ရလာနိုင်မလား၊ အနောက်တိုင်းဆေးများနှင့် ယှဉ်တွဲ အသုံးပြုခြင်းတွေ ပြုလုပ်ရင် တစ်ခါတစ်ရံ အန္တရာယ်ရှိနိုင်တာမျိုးတွေကို ဘယ်လိုသိနိုင်မလဲ၊ ဆေးမသောက်သင့်တဲ့ အခြေအနေတွေက ဘာတွေလဲ စသည်အားဖြင့်လည်း အကျယ်တဝင့် သိဖို့လိုအပ်ပါတယ် ခင်ဗျာ/ရှင့် ။ ဒါတွေကို သေချာစွာ သိရှိနိုင်ဖို့အတွက် သက်သေ အထောက်အထားတွေ ပြနိုင်ဖို့နှင့် အစဉ်အဆက် သုံးစွဲနေတဲ့ ကုထုံး၊ ဆေးဝါးများရဲ့ ဖြည့်ဆည်းရန် လိုအပ်သော အချက်အလက် ကွင်းဆက်များကို ပြနိုင်ဖို့ဆိုရင် တစ်ခုတည်းသော နည်းလမ်းဟာ သုတေသနပြုလုပ်ခြင်းပဲ ဖြစ်ပါတယ် ခင်ဗျာ/ရှင်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင် ... ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာ ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနဲ့ ပတ်သက်ပြီး အကောင်အထည်ဖော်မယ့် လုပ်ငန်း (၁၅) ချက်ကို မိန့်ကြားခဲ့ပါတယ်။ အဲဒီအထဲက နံပါတ် (၁၀) ဟာဆိုရင် ဆေးဝါးထုတ်လုပ်ခြင်းများ၊ ဆေးကုသခြင်း၊ ဆေးပညာသင်ကြားခြင်းနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတကာမှပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပြီး မိန့်ကြားခဲ့ပါတယ် ခင်ဗျာ/ရှင်။ ဒါဟာဆိုရင် နိုင်ငံတော် အစိုးရအနေနဲ့လည်း သုတေသနလုပ်ငန်းများကို အားပေးတယ်ဆိုတာ တွေ့ရပါတယ်။ အဲဒီအထဲမှ တစ်ခုအပါအဝင်ဖြစ်တဲ့ တိုင်းရင်းဆေးသုတေသန ပြုလုပ်တဲ့အခါမှာ သိမ်မွေ့နက်နဲသော တိုင်းရင်းဆေး သဘောတရားများကို အခြေပြုပြီး သုတေသနနည်းလမ်းများ ဖော်ထုတ်သွားဖို့ လိုအပ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့် ... တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းဆေးဝါးတွေ၊ ဆေးဖက်ဝင် အပင်တွေကို သုတသေနပြုနိုင်ရေးနဲ့ တိုင်းရင်းဆေးတက္ကသိုလ်မှာ ရှိတဲ့ ဆရာ/ဆရာမ၊ ကျောင်းသား/ ကျောင်းသူတွေကို အစိုးရဌာန အဖွဲ့အစည်းများနဲ့ဖြစ်စေ၊ အခြားသော ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်တွေနဲ့ ဖြစ်စေ ချိတ်ဆက်ပြီးတော့ သုတေသနတွေ ပြုလုပ်ဖို့လည်း လိုအပ်လှပါတယ်။ နိုင်ငံတကာမှာ ဆိုလို့ရှိရင် မိမိတို့ရဲ့ နေ့စဉ် လုပ်ငန်းဆောင်တာတွေကို လုပ်ဆောင်ရင်းနဲ့ သုတေသနတွေ ကို တွဲလျက်လုပ်ဆောင် နေကြပြီဖြစ်ပါတယ်။ ဆိုလိုတာကတော့ သုတေသနဆိုပြီး သီးသန့် လုပ်ဆောင်နေကြခြင်းထက် လုပ်နေသမျှ အရာတွေဟာ သုတေသနလုပ်ငန်းအနေနဲ့ ကျင့်သုံးနေကြပြီ ဖြစ်ပါတယ်။ ဘယ်လုပ်ငန်းမဆို သုတေသနမရှိရင် မအောင်မြင်နိုင်ဘူးလို့ လက်ခံထားကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့ခေတ်အခါမှာ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံ ပါဝင်ရမဲ့ လိုအပ်တဲ့ စံနှုန်းပြု သတင်းအချက်အလက်တွေအပေါ် အခြေခံပြီး တတ်အားသရွေ့ ဌာနတိုင်း ဌာနတိုင်းမှာ သုတေသနလုပ်ငန်းများ စတင်လုပ်ဆောင်တဲ့ အလေ့အကျင့်ကောင်းတွေကို ပျိုးထောင်သွားကြရမှာ ဖြစ်ပါတယ်။

သုတေသနတွေကို လုပ်ဆောင်တဲ့အခါမှာ ဆောင်ရွက်သင့်တဲ့ နယ်ပယ်နဲ့ ခေါင်းစဉ်တွေကို ခွဲခြားသတ်မှတ်ဖို့ဆိုတာလည်း တကယ်ကို လိုအပ်လှပါတယ်။ ဒါမှသာ နယ်ပယ်တစ်ခုချင်းစီကနေ သုတေသန တွေ့ရှိချက်တွေကို စုစည်းလိုက်တဲ့အခါ တိုင်းရင်းဆေးလောက တစ်ခုလုံးအတွက် လိုအပ်တဲ့ အချက်အလက်တွေကို ရရှိလာမှာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နယ်ပယ်တွေကို ခွဲခြားတဲ့အခါမှာ ကျွန်တော်/ကျွန်မ အနေနဲ့ အဆိုရှင်တင်သွင်းသွားတဲ့ နယ်ပယ် (၇) ခု ကို ထောက်ခံ ဆွေးနွေးချင်ပါတယ်။ ကုထုံးနည်းစနစ်များ၏ အားသာချက်၊ အားနည်းချက်များ၊ ဆေးဝါးများ၏ အာနိသင်ထိရောက်မှုနှင့် ဘေးကင်းမှု၊ ဆေးဖုံများ၏ ထုပ်ပိုးမှု နဲ့ အာနိသင်ပြောင်းလဲမှု၊ ရောဂါရှာဖွေရေး နည်းစံနစ်များ၊ လူနာများအပေါ် ဆက်ဆံမှုနှင့် ကုသမှုဆိုင်ရာ ကျင့်ဝတ်များ၊ တိုင်းရင်းဆေးပညာအပေါ် ပြည်သူလူထု၏ ဝေဖန်သုံးသပ်မှု ထင်မြင်ယူဆချက်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာပေသုတေသနများကို နယ်ပယ်အလိုက်ခွဲခြားပြီး သုတေသနတွေကို

တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြမယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးပညာဟာ အတွေ့အကြုံကို အခြေခံတဲ့ဆေးပညာ (Experience based medicine) ကနေ သက်သေအထောက်အထားဖြင့်ပြနိုင်တဲ့ ဆေးပညာ (Evidence based medicine) အဖြစ်သို့ ရောက်ရှိလာမှာ မလွဲပါဘူး ခင်ဗျာ/ရှင်။ ဒါ့အပြင် တိမ်မြုပ်ပျောက်ကွယ်နေတဲ့ တိမ်မြုပ်ပျောက်ကွယ်လုနီး ဖြစ်နေတဲ့ အဖိုးတန် ရှေးဟောင်းဆေးပညာရပ်တွေကို ပြန်လည်ဖော်ထုတ်နိုင်ဖို့နဲ့ တိုးတက်လာအောင် လုပ်နိုင်ဖို့ အခွင့်အလမ်းတွေလည်း ပေါ်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့် ... တိုင်းရင်းဆေးပညာရပ်မှာ သုတေသနဆန်ပြီး တိကျတဲ့လမ်းညွှန်ချက်တွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် ဆေးအဖြစ် ခူးယူအသုံးပြုတဲ့ အချိန်နဲ့ပတ်သက်ပြီးတော့ ဆေးအာနိသင် ပြည့်ဝဖို့ရာ ဘယ်ဆေးပင်ကို ဘယ်အရပ် ဒေသက ယူရမယ်၊ အပင်ရဲ့ ဘယ်အစိတ်အပိုင်းကို ဘယ်နေ့ ဘယ်အချိန်မှာ ယူရမယ် စသည်အားဖြင့် ပြဆိုထားတာတွေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါတွေဟာဆိုရင် ယနေ့ခေတ်အခါမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့က တိုက်တွန်းအားပေးနေတဲ့ GACP (Good Agricultural and Collection Practice) နဲ့ သဘောတရားတူညီနေတာကို တွေ့ရှိရမှာဖြစ်ပါတယ် ခင်ဗျာ/ရှင်။ အပင်တစ်ပင်ကို သုတေသနပြုလုပ်တော့မည်- ဆိုပါကလည်း နယ်ပယ်များ ခွဲခြားသတ်မှတ်ပြီး လုပ်ဆောင်နိုင်ပါတယ်။ အဲဒါတွေကတော့ ရုက္ခဗေဒသုတေသနနယ်ပယ် (Botanical Characterization)၊ ရူပဓါတုနှင့် ရုက္ခဓာတုဗေဒ သုတေသနနယ်ပယ် (Physico Chemical and Phytochemical Investigation)၊ စမ်းသပ် ဆေးဝါးဗေဒ သုတေသနနယ်ပယ် (Experimental Pharmacology Research)၊ လက်တွေ့ဆေးဝါး သုတေသနနယ်ပယ် (Clinical Research) နဲ့ ဒီသုတေသနတွေအပြင် သုတေသန လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက်လည်း ‘လူ့စွမ်းအား အရင်းအမြစ် ဖြစ်တဲ့ သုတေသန ပညာရှင်များ မွေးထုတ်ရန် (Capicity Building)’ကို ထည့်သွင်းစဉ်းစားကြရမှာဖြစ်ပါတယ်။ ဒါ့မျှသာမက အပင်များကို ကာကွယ်ထိန်းသိမ်းခြင်း (Exti-Insti-tue Conservation) ဆိုတဲ့ နယ်ပယ်ကိုလည်း ဆောင်ရွက်ဖို့လိုပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးတွေ ဖော်စပ်ဖို့အတွက် ပရဆေးပင်တွေ စုဆောင်းတဲ့အခါမှာလည်း သဘာဝအလျောက်ပေါက်တဲ့ အစွမ်းထက် ဆေးပင်တွေကို ထုတ်ယူသုံးစွဲမှုသာရှိပြီး ပြန်လည်စိုက်ပျိုးခဲ့ခြင်း မရှိဘူးဆိုရင် ဆေးဖက်ဝင်အပင် ရှားပါးမှုတွေနဲ့ ရင်ဆိုင်လာရနိုင်တဲ့အတွက် ဆေးပင်တွေရဲ့ သဘာဝကို လေ့လာပြီးတော့ သုတေသနပြု ပြန်လည် စိုက်ပျိုးသင့်ပြီ ဖြစ်ပါတယ်။

တိုင်းရင်းဆေးတွေဟာ လူသားတွေအတွက် အကျိုးပြုတယ်၊ ကောင်းမွန်တယ်ဆိုတဲ့ အတွေ့အကြုံတွေက ရှေးကတည်းက ရှိပြီးသားပါ။ ဒါပေမယ့် တိုင်းရင်းဆေးတွေကို အသုံးပြုတဲ့အခါမှာ များသောအားဖြင့် အတွေ့အကြုံအဆင့်နဲ့ ရပ်သွားပြီးတော့ သက်သေပြနိုင်တဲ့ သုတေသနအဆင့်ကို ရောက်လာတာ နည်းနေပါသေးတယ်။ အဆိုရှင် တင်ပြသွားသလိုပါပဲ သုံးစွဲလို့ ကောင်းမွန်ပြီးသား၊ အကျိုးပြုပြီးသား တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အတွေ့အကြုံတွေကို သက်သေပြနိုင်မယ့် သုတေသနတွေကို ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင်--- သုတေသနတွေကို နယ်ပယ်ခွဲခြား သတ်မှတ်ပြီးတဲ့အခါမှာ ဘယ်သူတွေကတော့ ဘယ်ခေါင်းစဉ်တွေကို တာဝန်ယူ လုပ်ဆောင်မယ်၊ ဘယ်ခေါင်းစဉ်တွေကတော့ အရေးတကြီး မဖြစ်မနေ လုပ်ဆောင်ဖို့ လိုအပ်နေတယ်၊ ဘယ်ခေါင်းစဉ်ကတော့ ဘာပြီးမှ လုပ်မယ် စသည်အားဖြင့် ရှိတဲ့ စွမ်းအားစုအပေါ်မှာ မူတည်ပြီး စနစ်တကျခွဲခြား လုပ်ဆောင်ခဲ့ကြမယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးပညာရဲ့ သုတေသနလုပ်ငန်းတွေဟာ စနစ်တကျနဲ့ ရုပ်လုံးကြွ ပုံပေါ်လာမှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင်--- ကျွန်တော်/ကျွန်မတို့ရဲ့ မြန်မာ့တိုင်းရင်းဆေးပညာဟာဆိုရင် ခြေခြေမြစ်မြစ်ရှိလှတဲ့၊ အဖိုးမဖြတ်နိုင်တဲ့ ကိုယ်ပိုင်ဆေးပညာတစ်ရပ် ဖြစ်တာကြောင့် ကမ္ဘာကို တက်လှမ်းနိုင်မယ့် ဆေးပညာရပ်တစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ့်တိုင်းပြည်တွင်းမှာ အသုံးပြုရုံတင် ရောင့်ရဲတင်းတိမ် မနေကြဘဲ ကမ္ဘာက ယုံယုံကြည်ကြည်နဲ့ အသုံးပြုလို့ရတဲ့ ဆေးပညာတစ်ရပ် ဖြစ်လာဖို့အတွက်ကို ကျွန်တော်/ကျွန်မတို့အနေနဲ့ သုတေသနတွေ တိုးမြှင့် လုပ်ဆောင်ဖို့ လိုအပ်လှပါတယ်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာလည်း သုတေသနတွေကို အခြေခံထားတဲ့ ယူနာနီဆေးပညာ (Unani)၊ အာယုဗ္ဗေဒဆေးပညာ (Ayurvedic)၊ ဟိုမီယိုပက်သီဆေးပညာ (Homeopathy)၊ ရှီအပ်စု (Shiatsu)၊ အပ်စိုက်ကုသမှုပညာ (Acupuncture) စတဲ့ တိုင်းရင်းဆေးပညာရပ်တွေဟာ ကမ္ဘာတစ်လွှားမှာ ယုံယုံကြည်ကြည်နဲ့ အသုံးပြုနေကြပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်/ကျွန်မတို့ရဲ့ ရိုးရာအမွေဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးက လက်ခံယုံကြည်လာဖို့၊ တစ်နည်းအားဖြင့် ကမ္ဘာကြီးနဲ့ ရင်ဘောင်တန်းဖို့အတွက် သုတေသနလုပ်ငန်းတွေဟာ မရှိမဖြစ် အရေးပါလှတာကြောင့် အဆိုရှင် -------------------- ကိုယ်စားလှယ် ဦး/ဒေါ် ------------- တင်သွင်းသွားတဲ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန်ဆိုတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံ လိုက်ရပါတယ် ခင်ဗျာ/ရှင် ...

အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ/ရှင်.....